# 'မှန်အိမ် မီးစာမြှင့်ထားတယ်'

## လူမှုစီးပွားအကျပ်အတည်းနှင့် လူထု၏ ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်း စစ်တမ်းတွေ့ရှိချက်

နိုဝင်ဘာလ၊ ၂၀၂၅ ခုနှစ်



PROMOTING LEADERSHIP AND
STRENGTHENING CIVIC PARTICIPATION

## မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေးအင်စတီကျု

၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော မြန်မာပြည်ဖွား Think Tank အဖွဲ့ဖြစ်ပါသည်။

---

**‘မုန်အိမ် မီးစာမြှင့်ထားတယ်’ လူမှုစီးပွားအကျပ်အတည်းနှင့် လူထု၏ ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်း စစ်တမ်းတွေ့ရှိချက်ကို** ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် မြန်မာ့မဟာဗျူဟာနှင့် မူဝါဒလေ့လာရေး အင်စတီကျု (ISP-Myanmar) က ထုတ်ဝေပါသည်။ ယခုစစ်တမ်းတွင် ပါဝင်သော အကြောင်းအရာများသည် ISP-Myanmar ၏ လူမှုစီးပွားဆိုင်ရာလေ့လာမှု (Socioeconomic Studies) သုတေသနပြု လေ့လာချက်များထဲက တစိတ်တပိုင်း ဖြစ်ပါသည်။ ခေါင်းစဉ်ဖြစ်သော **‘မုန်အိမ် မီးစာမြှင့်ထားတယ်’** စာသားသည် **မောင်လှဝင်း(မြင်းခြံ)၏ ‘သားလာမယ့်လမ်း’ကဗျာကို စာရေးဆရာနိုင်ဝင်းဆွေက ‘မုန်အိမ် မီးစာမြှင့်ထားတယ်’ အမည်ဖြင့် ပြန်လည်ဖန်တီးခဲ့သော တိပ်ခွေဇာတ်လမ်းခေါင်းစဉ်**ကနေ ရယူထားခြင်းဖြစ်ပါသည်။


+၆၆ ၈၀၇ ၇၄၇ ၉၇၁၂

စာတိုက်သေတ္တာအမှတ် ၁၄၉၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊ ချင်းမိုင်၊ ထိုင်းနိုင်ငံ။

info@ISPMyanmar.com | www.ISPMyanmar.com

## မာတိကာ


(က) စစ်တမ်းတွေ့ရှိချက်အကျဉ်း ............ ၄

(ခ) စစ်တမ်းဖြေဆိုမှုဆိုင်ရာ အချက်အလက်များ ............ ၆

၁။ ကုန်ပစ္စည်းပြတ်လပ်ခြင်းနှင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်း ............ ၉

၂။ ကျန်းမာရေးကဏ္ဍအပေါ် သက်ရောက်မှုများ ............ ၁၄

၃။ အသက်မွေးဝမ်းကျောင်းအပေါ် သက်ရောက်မှုများ ............ ၁၇

၄။ စားဝတ်နေရေးအကျပ်အတည်းနှင့် ရင်ဆိုင်ဖြေရှင်းကြပုံများ ............ ၁၉

၅။ ကူညီဖြေရှင်းပေးနိုင်စွမ်းနှင့် မျှော်လင့်ချက် ............ ၂၁

(ဂ) စစ်တမ်းကောက်ယူမှုနည်းနာ ............ ၂၅

က

# စစ်တမ်းတွေ့ရှိချက်အကျဉ်း

စစ်ရေးပဋိပက္ခကိုအခြေခံသော ကုန်သွယ်လမ်းကြောင်းပိတ်ဆို့မှုများနှင့် ပြည်သူများအပေါ် သက်ရောက်မှုကို လေ့လာနိုင်ရန် စစ်တမ်းတခုကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း၌ ISP-Myanmar က ကောက်ယူခဲ့ပါသည်။ ထိုစစ်တမ်းကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်း ၁၅ ခုရှိ မြို့နယ် ၈၅ မြို့နယ်က **ပြည်သူ ၁,၀၁၅ ဦး** ပါဝင်ဖြေဆိုခဲ့သည်။[၁]

စစ်တမ်းတွေ့ရှိချက်များအရ ကုန်သွယ်လမ်းကြောင်းပိတ်ဆို့မှုများကြောင့် ပြည်တွင်း၌ နေ့စဉ်သုံး လူသုံးကုန်ပစ္စည်းများနှင့် အခြေခံဆေးဝါးများ ပြတ်လပ်သွားခဲ့သည့်အပြင် ဈေးနှုန်းများမှာလည်း တဆခွဲ၊ နှစ်ဆအထိ မြင့်တက်သွားခဲ့သည်။ အချို့သောနေရာများတွင် သုံးဆ၊ လေးဆအထိပင် ဈေးတက်သွားခဲ့သည်။ ကျန်းမာရေးကဏ္ဍအပေါ် ထိခိုက်မှုများလည်းရှိခဲ့ပြီး ဆေးဝါးပြတ်လပ်ခြင်း၊ ဈေးတက်ခြင်း၊ ဆေးရုံ၊ ဆေးခန်းသွားရန် ခက်ခဲခြင်းများလည်း ဖြစ်ခဲ့သည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအပေါ် ရိုက်ခတ်မှုများရှိခဲ့ပြီး အလုပ်အကိုင်ပြောင်းရခြင်း၊ ဝင်ငွေကျဆင်းခြင်းများလည်း ဖြစ်ခဲ့ရသည်။ အခက်အခဲနှင့် အကျပ်အတည်းများကို ဖြေရှင်းရာတွင် ချေးတာခြင်း၊ အသားငါး လျှော့စားခြင်း စသည်တို့ဖြင့် ကိုယ်ထူကိုယ်ထဖြေရှင်းနေရသည်။ ဒေသခံပရဟိတအဖွဲ့များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အကူအညီဖြင့် ရှန်းကန်ရင်ဆိုင်နေရခြင်းများလည်းရှိသည်။

၁ စစ်တမ်းကောက်ယူပုံနည်းနာ အသေးစိတ်ကို အပိုင်း(ဂ)၌ကြည့်ပါ။

စစ်ကော်မရှင်(SSPC)၏ စီးပွားရေးမူဝါဒအလွဲ၊ စီမံခန့်ခွဲမှုအမှားများက စီးပွားရေးစနစ်ကြီး တခုလုံးကို အလျဉ်ပြတ်စေခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် လူမှုစီးပွားဒုက္ခများစွာကို လူထုက ရင်ဆိုင်ခဲ့ရသည်။ ထိုအခြေအနေကို စစ်ကော်မရှင်၏ အုပ်ချုပ်ရေးဆိုင်ရာ ယန္တရားများ၊ စစ်ကော်မရှင်က ဖွဲ့စည်းထားသော လူမှုရေးအသင်းအဖွဲ့များကလည်း ကူညီဖြေရှင်းပေးနိုင်စွမ်း နည်းပါးသည်ကိုတွေ့ရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAOs)၊ ဒေသကာကွယ်ရေးတပ်ဖွဲ့များ(PDFs/LPDFs)နှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တို့၏ ကူညီဆောင်ရွက်ပေးနိုင်စွမ်းမှာလည်း အကန့်အသတ်များစွာ ရှိနေသည်။

ကုန်ဈေးနှုန်းတက်ခြင်း၊ အလုပ်အကိုင်မကောင်းခြင်းတို့ကြောင့် တနှစ်ထက်တနှစ် ဖူလုံလာသည်ဟု မခံစားရကြောင်း စစ်တမ်း၌ ပါဝင်ဖြေဆိုကြသူများက ပြောခဲ့သည်။ အာဏာသိမ်းပြီးနောက် အဘက်ဘက်ကယိုယွင်းလာသော အခြေအနေများအကြားတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် လုံခြုံစွာရှင်သန်နိုင်ရေးကို ပြည်သူများက အဓိကတောင့်တနေကြသည်။ သို့ရာတွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေကို ရှုမြင်သုံးသပ်ရာ၌ 'ဆက်လက်ရုန်းကန်နိုင်ဦးမည်'ဟု စစ်တမ်းဖြေဆိုသူထက်ဝက်က ယူဆထားသည်။ သို့သော် 'မျှော်လင့်ချက်မဲ့ အခြေအနေပါပဲ'ဟု ဖြေခဲ့သူများစွာလည်းရှိနေပြီး 'ပိုကောင်းလာလိမ့်မည်'ဟု ဖြေသူ အနည်းငယ်သာ ရှိပါသည်။


ယခုကောက်ယူခဲ့သော စစ်တမ်းတွေ့ရှိချက်များသည် ကနဦးလေ့လာမှုသာဖြစ်ပြီး အပြီးအပြတ်သဘောမဟုတ်သည်ကို သတိပြုရပါမည်။ ယခုထက် ပိုမိုပြည့်စုံပြီး လွှမ်းခြုံမှုအားကောင်းသော လူမှုစီးပွားသုတေသနပြု လေ့လာချက်စစ်တမ်းများကို လုပ်ဆောင်ရန်လိုအပ်ပေဦးမည်။ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ပြုလုပ်ခဲ့သော 'ISP နှင့်အတူ မိနစ် ၃၀' (30 Minutes with the ISP) အစီအစဉ်တွင်လည်း ယခုစစ်တမ်းပါ အချက်အလက်များကိုအခြေခံ၍ သုတေသနဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ **'ရှိသင့်တဲ့ အားနဲ့မာန်၊ ဟန်နိုင်မှ'-ကုန်သွယ်စီးဆင်းမှု ပြတ်တောက်ခဲ့သောလမ်းများနှင့် လူမှုစီးပွားဒဏ်ကိုတောင့်ခံနေသည့် ပြည်သူများ** ခေါင်းစဉ်ဖြင့် ပြုလုပ်ခဲ့သော ထိုဆွေးနွေးပွဲကို ISP-Myanmar ဝက်ဘ်ဆိုက်နှင့် YouTube Channel တို့တွင် ကြည့်ရှုနိုင်ပါသည်။

၁

# စစ်တမ်းဖြေဆိုမှုဆိုင်ရာ အချက်အလက်များ


ယခုစစ်တမ်းတွင် ပါဝင်ဖြေဆိုသူ **၁,၀၁၅ ဦး** ရှိခဲ့သည်။ **၅၇ ရာခိုင်နှုန်း (၅၇၉ ဦး)**သည် အမျိုးသမီးများဖြစ်သည်။ **၄၁ ရာခိုင်နှုန်း (၄၁၇ ဦး)**မှာ အမျိုးသားများဖြစ်ပြီး အခြား**နှစ် ရာခိုင်နှုန်း (၁၉ ဦး)** ရှိခဲ့သည်။ စစ်တမ်းကောက်ယူရာတွင် မြို့ပြ၊ ကျေးလက်၊ နယ်စပ်ဒေသနှင့် ဒုက္ခသည်စခန်းများကိုပါ လွှမ်းခြုံနိုင်အောင် မေးမြန်းခဲ့သည်။ အသက်အုပ်စုအနေဖြင့် **၁၈ နှစ်နှင့်အထက်** ရှိသူများကို မေးမြန်းခဲ့ပါသည်။ ပါဝင်ဖြေဆိုသူများတွင်အသက် **၂၆ နှစ်ကနေ ၄၀ နှစ်**အတွင်းက အများဆုံးဖြစ်ပြီး **၄၁ နှစ်ကနေ ၆၀ နှစ်**အတွင်းက ဒုတိယအများဆုံးဖြစ်သည်။ စစ်တမ်းဖြေဆိုသူများထဲတွင် မိသားစုဝင်ငွေ တလလျှင်ပျမ်းမျှ ကျပ်လေးသိန်းနှင့် ခြောက်သိန်းအကြားရှိသူ **၂၄ ရာခိုင်နှုန်း (၂၄၂ ဦး)**၊ ကျပ်နှစ်သိန်းနှင့် လေးသိန်းအကြားရှိသူ **၂၀ ရာခိုင်နှုန်း (၂၀၈ ဦး)**နှင့် ကျပ် ၁၀ သိန်းနှင့်အထက်ရှိသူ **၁၈ ရာခိုင်နှုန်း (၁၈၆ ဦး)**တို့ ပါဝင်ခဲ့သည်။ စစ်တမ်းတွေ့ရှိချက်များကို အပိုင်းငါးပိုင်းခွဲ၍ ဖော်ပြသွားပါမည်။

## ပါဝင်ဖြေဆိုကြသူများ





- ကျား
- မ
- အခြား

## နေရာဒေသ





- မြို့ပြ
- ကျေးလက်
- စစ်ရှောင်စခန်း
- နယ်စပ်ဒေသ

## မိသားစု တလပျမ်းမျှဝင်ငွေ (ကျပ်)




- နှစ်သိန်းအောက်
- နှစ်သိန်းနှင့် လေးသိန်းအကြား
- လေးသိန်းနှင့် ခြောက်သိန်းအကြား
- ခြောက်သိန်းနှင့် ရှစ်သိန်းအကြား
- ရှစ်သိန်းနှင့် ၁၀ သိန်းအကြား
- ၁၀ သိန်းနှင့်အထက်


## အသက်အရွယ်




- ၁၈-၂၅ နှစ်
- ၂၆-၄၀ နှစ်
- ၄၁-၆၀ နှစ်
- ၆၁-၆၅ နှစ်
- ၆၅ နှစ်နှင့်အထက်

## စစ်တမ်းကောက်ယူခဲ့သောမြို့နယ်များ

စစ်ရေးပဋိပက္ခကိုအခြေခံသော ကုန်သွယ်လမ်းကြောင်းပိတ်ဆို့မှုများနှင့် ပြည်သူများအပေါ် သက်ရောက်မှုတို့ကို လေ့လာနိုင်ရန် ၂၀၂၅ ခုနှစ် စက်တင်ဘာနောက်ဆုံးပတ်အတွင်း၌ ISP-Myanmar က စစ်တမ်းတခုကောက်ယူခဲ့ပါသည်။ စစ်တမ်းကို ပြည်နယ်နှင့် တိုင်း ၁၅ ခုရှိ **မြို့နယ် ၈၅** ခုတွင် ကောက်ယူခဲ့ခြင်းဖြစ်ပြီး ထိုအထဲတွင် **ခရိုင်မြို့နယ် ၃၂** ခုနှင့် စစ်ကော်မရှင်က စစ်အုပ်ချုပ်ရေးကြေညာထားသော **မြို့နယ် ၁၁** ခုတို့ ပါဝင်ခဲ့သည်။



# ၁

# ကုန်ပစ္စည်းပြတ်လပ်ခြင်းနှင့် ကုန်ဈေးနှုန်းမြင့်တက်ခြင်း

၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း ကုန်သွယ်လမ်းကြောင်း ပိတ်ဆို့မှုကြောင့် ပြည်ပတင်သွင်းကုန်များ ပြတ်လပ်ခြင်းကို လူအများစု ရင်ဆိုင်ခဲ့ရပါသည်။ စစ်တမ်းဖြေဆိုသူ ၁,၀၁၅ ဦးအနက် **၈၅ ရာခိုင်နှုန်း(၈၆၃ ဦး)**က ထိုသို့ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည် **(ပုံ-၁ ကိုရှုပါ)**။

ထိုသို့ပြတ်လပ်ရာတွင် နေ့စဉ်သုံး လူသုံးကုန်ပစ္စည်းများပြတ်လပ်မှုမှာ အများဆုံးဖြစ်ခဲ့သည်။ ဒုတိယမှာ အခြေခံဆေးဝါးများ ပြတ်လပ်ခဲ့ခြင်းဖြစ်သည်။ ကုန်ခြောက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် တကိုယ်ရေသုံးပစ္စည်းများလည်း ပြတ်လပ်ခဲ့သည်။ နေ့စဉ်သုံး လူသုံးကုန်ပစ္စည်းများပြတ်လပ်မှုကို ရင်ဆိုင်ခဲ့ရသူ **၆၆ ရာခိုင်နှုန်း (၆၇၄ ဦးထက်မနည်း)**ရှိခဲ့ပြီး အခြေခံဆေးဝါးပြတ်လပ်မှုကို ရင်ဆိုင်ခဲ့ရသူ **၆၁ ရာခိုင်နှုန်း (၆၂၀ ဦးထက်မနည်း)**ရှိခဲ့သည်။ စက်သုံးဆီ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ စိုက်ပျိုးရေးသွင်းကုန်နှင့် လျှပ်စစ်/ကားအပိုပစ္စည်းများလည်း ပြတ်လပ်ခဲ့သည်။ မည်သည့်ပစ္စည်းမျှ မပြတ်လပ်ကြောင်းဖြေဆိုသူ **သုံးရာခိုင်နှုန်း** (၃၆ ဦး)သာ ရှိပါသည် **(ပုံ-၂ ကိုရှုပါ)**။

ကုန်ပစ္စည်းများပြတ်လပ်ခြင်းနှင့်အတူ ကုန်ဈေးနှုန်းမြင့်တက်ခြင်းနှင့် ဈေးကွက် ကမောက်ကမ ဖြစ်ခြင်းကလည်း တဆက်တည်းပါလာသည်။ စစ်တမ်းဖြေသူ ၁,၀၁၅ ဦးအနက် **၄၈ ရာခိုင်နှုန်း (၄၈၆ ဦး)**က ကုန်ဈေးနှုန်းများ တဆခွဲမြင့်တက်သွားကြောင်း ဖြေခဲ့သည်။ နှစ်ဆ


- မြင့်တက်သွားကြောင်း ဖြေသူ **၄၀ ရာခိုင်နှုန်း (၄၀၃ ဦး)**ရှိခဲ့သည်။ သုံးဆအထိမြင့်သွားကြောင်းဖြေသူ **ခုနစ်ရာခိုင်နှုန်း (၆၈ ဦး)**နှင့် လေးဆမြင့်တက်ခြင်းကို ရင်ဆိုင်ခဲ့ရကြောင်း ဖြေသူ **နှစ်ရာခိုင်နှုန်း (၂၂ ဦး)** ရှိပါသည်။ ကုန်ဈေးနှုန်းမတက်ခဲ့ကြောင်းဖြေသူ **သုံးရာခိုင်နှုန်း (၃၆ ဦး)** ရှိသည် (ပုံ-၃ ကိုရှုပါ)။

ကုန်ဈေးနှုန်းတက်ခဲ့ကြောင်းဖြေဆိုသူ **၉၇၉ ဦး**ကို မည်သည့်ကုန်စည်များ ဈေးတက်ခဲ့သနည်းဟု ဆက်လက်မေးမြန်းခဲ့ရာ **၇၉ ရာခိုင်နှုန်း (၇၇၀ ဦးထက်မနည်း)**က နေ့စဉ်သုံး လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်များ ဈေးတက်သွားကြောင်း ဖြေကြသည်။ အခြေခံဆေးဝါးများ ဈေးတက်ခဲ့ကြောင်း ဖြေသူ **၇၃ ရာခိုင်နှုန်း (၇၁၀ ဦး)**ရှိခဲ့သည် (ပုံ-၄ ကို ရှုပါ)။

ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုများကြောင့် စစ်တမ်းဖြေဆိုသူအပါအဝင် ၎င်း၏မိသားစုအပေါ် သက်ရောက်မှု ရှိ၊ မရှိကိုလည်းမေးမြန်းခဲ့ပါသည်။ **၉၂ ရာခိုင်နှုန်း (၉၃၈ ဦး)**သော ဖြေဆိုသူများက သက်ရောက်မှုရှိခဲ့ကြောင်း ဖြေခဲ့ပါသည်။ **ရှစ်ရာခိုင်နှုန်း (၇၇ ဦး)**ကမူ သက်ရောက်မှုမရှိခဲ့ဟု ဖြေခဲ့ပါသည် (ပုံ-၅ ကိုရှုပါ)။


ထို့အပြင် တဦးချင်းစီနှင့် ၎င်းတို့၏မိသားစုအခြေခံလိုအပ်ချက်များအတွက် ကုန်စည်ဝယ်ယူရာတွင် ပြီးခဲ့သည့်ရက်ပေါင်း ၆၀ အတွင်း ပုံမှန်အခြေအနေထက် အနည်းငယ်ဆိုးရွားသွားကြောင်း ဖြေဆိုသူ **၅၀ ရာခိုင်နှုန်း (၅၁၀ ဦး)**ရှိသည်။ ပိုမိုဆိုးရွားသွားကြောင်းဖြေဆိုသူ **၂၅ ရာခိုင်နှုန်း (၂၅၀ ဦး)** ရှိပြီး ယခင်အခြေအနေများနှင့်နှိုင်းယှဉ်ပါက မထူးခြားကြောင်းဖြေဆိုသူ **၂၃ ရာခိုင်နှုန်း (၂၃၅ ဦး)**ရှိသည်။ ယခင်ထက်အနည်းငယ်ကောင်းလာကြောင်း ဖြေသူ **၁ ဒသမ ၈ ရာခိုင်နှုန်း (၁၈ ဦး)**လည်းရှိပြီး ပိုကောင်းလာကြောင်းဖြေသူ **၀ ဒသမ ၂ ရာခိုင်နှုန်း (နှစ်ဦး)** ရှိပါသည် (ပုံ-၆ ကိုရှုပါ)။

## [ပုံ-၁] ပြည်ပသွင်းကုန်ပြတ်လပ်မှုများ ဖြစ်ခဲ့ပါသလား။





မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။

## [ပုံ-၂] မည်သို့သော ပြည်ပသွင်းကုန်များ ပြတ်လပ်သွားသနည်း။





မှတ်ချက် - ယခုမေးခွန်း၌ တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်စေခဲ့သည်။

### [ပုံ-၃] ကုန်ပစ္စည်းများ ဈေးတက်ခဲ့ပါသလား။





မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။

### [ပုံ-၄] မည်သည့်ကုန်စည်များ ဈေးတက်သွားပါသနည်း။





မှတ်ချက် - ယခုမေးခွန်း၌ တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်စေခဲ့သည်။

■ [ပုံ-၅] မိမိနှင့် မိမိ၏မိသားစုအပေါ် သက်ရောက်မှုရှိခဲ့ပါသလား။




မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။

■ [ပုံ-၆] မိသားစု၏ အခြေခံလိုအပ်ချက်များကို ဖြည့်တင်းရန် ကုန်စည်ဝယ်ယူရရှိနိုင်မှု အခြေအနေကို ပြောပြပေးပါ။




မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။


၂

# ကျန်းမာရေးကဏ္ဍအပေါ် သက်ရောက်မှုများ

ကုန်သွယ်လမ်းကြောင်းပိတ်ဆို့မှုများကြောင့် ကျန်းမာရေးကဏ္ဍအပေါ် သက်ရောက်မှုများတွင် အခြေခံဆေးဝါးများ ပြတ်လပ်ခြင်းနှင့် ဈေးတက်ခြင်းတို့က ထိပ်တန်းစာရင်းတွင်ရှိနေသည်။ အခြားတဖက်တွင် ဆေးရုံ၊ ဆေးခန်း သွားရောက်နိုင်မှုနှင့် ဆေးဝါး/ကိရိယာများ ဝယ်ယူရန် အခက်အခဲများလည်း ရှိနေသည်။


စစ်တမ်းဖြေဆိုသူ ၁,၀၁၅ ဦးအနက် **၇၄ ရာခိုင်နှုန်း(၇၄၉ ဦး)**က ပြီးခဲ့သည့် ရက် ၆၀ အတွင်း ဆေးဝါး/ကိရိယာ ဝယ်ယူရန် အခက်အခဲကြုံခဲ့ရကြောင်း ဖြေခဲ့သည် **(ပုံ-၇ ကိုရှုပါ)**။ ထိုသို့ဖြစ်ရခြင်းမှာ ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာသောကြောင့်ဖြစ်သည်**(ပုံ-၈ ကိုရှုပါ)**။ ဆေးဝါးများဝယ်ယူရန် ခက်ခဲသော်လည်း ဆေးရုံ၊ ဆေးခန်းများကို အလွယ်တကူ သွားနိုင်သေးကြောင်းဖြေသူ **၆၀ ရာခိုင်နှုန်း (၆၀၆ ဦး)**ရှိပါသည်။ **၂၇ ရာခိုင်နှုန်း(၂၇၀ ဦး)**က ခက်ခက်ခဲခဲသွားရကြောင်းဖြေခဲ့သည်။ တခါတရံသာသွားနိုင်တော့ကြောင်းဖြေသူ **၁၀ ရာခိုင်နှုန်း (၁၀၇ ဦး)**ရှိပြီး **သုံးရာခိုင်နှုန်း (၃၂ ဦး)** က လုံးဝသွားမရတော့ကြောင်း ဖြေခဲ့ပါသည် (ပုံ-၉ ကို ရှုပါ)။

## [ပုံ-၇] ဆေးဝါး/ကိရိယာဝယ်ယူရန် အခက်အခဲရှိပါသလား။





မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။

## [ပုံ-၈] မည်သည့်အတွက်ကြောင့် ဆေးဝါး/ကိရိယာဝယ်ယူရန် ခက်ခဲခဲ့ပါသနည်း။




မှတ်ချက် - ယခုမေးခွန်း၌ တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်စေခဲ့သည်။

**[ပုံ-၉] ဆေးရုံ၊ ဆေးခန်း သွားနိုင်ပါသေးသလား။**




မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**

## ‘ရှိသင့်တဲ့ အားနဲ့ မာန်၊ ဟန်နိုင်မှ…’

ကုန်သွယ်စီးဆင်းမှု ပြတ်တောက်ခဲ့သော လမ်းများနှင့်
လူမှုစီးပွားဒဏ်ကို တောင့်ခံနေသည့် ပြည်သူများ

ယခုစစ်တမ်းပါ အချက်အလက်များကို အခြေခံ၍ ပြုလုပ်ခဲ့သည့်
သုတေသနဆိုင်ရာ ဆွေးနွေးမှုရုပ်သံကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။


၄

# အသက်မွေးဝမ်းကျောင်းအပေါ် သက်ရောက်မှုများ

စစ်ရေးပဋိပက္ခကြောင့်ဖြစ်သော ကုန်သွယ်လမ်းကြောင်းပိတ်ဆို့မှုများသည် လူတဦးချင်းစီနှင့် ၎င်းတို့မိသားစုဝင်များ၏ အသက်မွေးဝမ်းကျောင်းအပေါ်လည်း ရိုက်ခတ်မှုရှိခဲ့သည်။ စစ်တမ်းဖြေဆိုသူနှင့် ၎င်း၏မိသားစုဝင်များအနေနှင့် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက် မတိုင်မီ ရက်ပေါင်း ၆၀ အတွင်း အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း ပြောင်းလဲမှုများရှိခဲ့ပါသလားဟု မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူ **၃၆ ရာခိုင်နှုန်း (၃၆၅ ဦး)**က ပြောင်းလဲမှုများ ရှိခဲ့ကြောင်းဆိုပါသည်။ ကျန် **၆၄ ရာခိုင်နှုန်း (၆၅၀ ဦး)**ကမူ အပြောင်းအလဲမရှိကြောင်း ဖြေခဲ့ပါသည် **(ပုံ-၁၀ ကိုရှုပါ)**။


စစ်တမ်းဖြေဆိုသူနှင့် ၎င်း၏မိသားစုဝင်များအနေနှင့် ဝင်ငွေအပြောင်းအလဲ ရှိခဲ့ပါသလားဟုလည်း ဆက်လက်မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူအားလုံး၏ **၃၄ ရာခိုင်နှုန်း (၃၄၄ ဦး)**က မပြောင်းလဲကြောင်း ဖြေဆိုခဲ့သည်။ **၃၅ ရာခိုင်နှုန်း (၃၆၀ ဦး)**က အနည်းငယ်လျော့သွားကြောင်းဖြေခဲ့ပြီး **၂၉ ရာခိုင်နှုန်း (၂၉၀ ဦး)**က သိသိသာသာလျော့သွားကြောင်း ဖြေခဲ့ပါသည်။ **၁ ဒသမ ၅ ရာခိုင်နှုန်း (၁၆ ဦး)**က တိုးလာကြောင်း ဖြေခဲ့ကာ **၀ ဒသမ ၅ ရာခိုင်နှုန်း (ငါးဦး)**က သိသိသာသာတိုးလာကြောင်း ဖြေခဲ့ကြပါသည် **(ပုံ-၁၁ ကိုရှုပါ)**။

## [ပုံ-၁၀] အလုပ်အကိုင်/အသက်မွေးဝမ်းကျောင်း ပြောင်းလဲမှုများ ရှိခဲ့ပါသလား။




မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။

## [ပုံ-၁၁] ဝင်ငွေပြောင်းလဲမှုများ ရှိခဲ့ပါသလား။




မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။


၄

# စားဝတ်နေရေးအကျပ်အတည်းနှင့် ရင်ဆိုင်ဖြေရှင်းကြပုံများ

ဆုတ်ယုတ်နေသည့် ပြည်တွင်းစီးပွားရေးနှင့် စစ်ရေးပဋိပက္ခများက ပြည်သူများ၏ လူမှုစီးပွားအကျပ်အတည်းကို ပိုဆိုးစေခဲ့သည်။ ဝင်ငွေမလုံလောက်မှု၊ ပစ္စည်းပြတ်လပ်မှုနှင့် ကုန်စျေးနှုန်းကြီးခြင်း စသည့် လက်ငင်းဒုက္ခများကို မည်သို့ရင်ဆိုင်ဖြေရှင်းနေကြသနည်းဟု မေးမြန်းခဲ့ရာ **၇၆ ရာခိုင်နှုန်း (၇၇၅ ဦး)**က ချွေတာသုံးစွဲခြင်းဖြင့် ဖြေရှင်းနေရကြောင်း ဖြေဆိုခဲ့ကြသည်။ ဈေးသက်သာသောပစ္စည်းများ၊ အစားအစာများကို ဝယ်ယူဖြေရှင်းသူ **၇၅ ရာ ခိုင်နှုန်း (၇၆၆ ဦး)**ရှိသည်။ **၅၂ ရာခိုင်နှုန်း (၅၂၅ ဦး)**ကမူ အသားနှင့် ငါးကို လျှော့စားကာ ရင်ဆိုင်ဖြေရှင်းနေရသည်ဟု ဖြေဆိုကြသည်။ ငွေချေးခြင်း၊ ပေါင်နှံခြင်းတို့ဖြင့် ဖြေရှင်းနေရသူများလည်းရှိပြီး ထမင်းတနပ်လျှော့စားနေရသူများလည်း ရှိပါသည် **(ပုံ-၁၂ ကိုရှုပါ)**။


စားဝတ်နေရေးကျပ်တည်းမှု၏ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် ခိုးဆိုးလုယက်လိမ်လည်မှုများ တိုးလာကြောင်း ဖြေဆိုသူ **၈၁ ရာခိုင်နှုန်း (၈၂၂ ဦး)** ရှိခဲ့သည်။ ယခင်ကထက် စိုးရိမ်ပူပန်မှုတိုးလာကြောင်း ဖြေသူ **၈၀ ရာခိုင်နှုန်း (၈၁၁ ဦး)** ရှိပြီး ရွှေ့ပြောင်းထွက်ခွာခြင်းများ တိုးလာကြောင်း **၆၈ ရာခိုင်နှုန်း (၆၉၄ ဦး)**က ဖြေခဲ့သည်။ ရရာနည်းဖြင့် တရားမဝင် အလုပ်များ လုပ်လာရသည်ဟုဖြေသူ **၄၄ ရာခိုင်နှုန်း (၄၄၇ ဦး)**ရှိသည်။ အိမ်တွင်းအကြမ်းဖက်မှုများရှိကြောင်း ဖြေဆိုသူ **၃၁ ရာခိုင်နှုန်း (၃၁၂ ဦး)**ရှိပြီး ဓားပြမှုများ ပိုတိုးလာကြောင်း ဖြေသူ **၂၄ ရာခိုင်နှုန်း (၂၄၃ ဦး)**ရှိပါသည်။ ထို့အပြင် ပတ်ဝန်းကျင်တွင် ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်မှုများလည်း တိုးလာကြောင်း ဖြေဆိုသူ **ခုနစ်ရာခိုင်နှုန်း (၇၄ ဦး)**ရှိခဲ့ပါသည် **(ပုံ-၁၃ ကို ရှုပါ)**။

## [ပုံ-၁၂] လတ်တလော မည်သို့ ရင်ဆိုင်ဖြေရှင်းနေကြပါသနည်း။




မှတ်ချက် - ယခုမေးခွန်း၌ တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်စေခဲ့သည်။

## [ပုံ-၁၃] စားဝတ်နေရေးကျပ်တည်းလာမှုကြောင့် မည်သည့်သက်ရောက်မှုများဖြစ်လာသနည်း။




မှတ်ချက် - ယခုမေးခွန်း၌ တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်စေခဲ့သည်။

၅

# ကူညီဖြေရှင်းပေးနိုင်စွမ်းနှင့် မျှော်လင့်ချက်


လက်ရှိတွင် လက်ငင်းဒုက္ခများစွာ ကြုံနေရသော ပြည်သူများအနေနှင့် မည်သို့သော အကူအညီများရရှိနေကြသနည်းဟု မေးမြန်းခဲ့ပါသည်။ ဖြေဆိုသူ ၁,၀၁၅ ဦးအနက် **၄၉ ရာခိုင်နှုန်း (၄၉၆ ဦး)**က မည်သူကမျှ မကူညီကြကြောင်း ဖြေခဲ့သည်။ အချင်းချင်း ကူညီဖေးမနေရကြောင်း ဖြေဆိုမှုက ဒုတိယအများဆုံးဖြစ်ပြီး **၃၇ ရာခိုင်နှုန်း (၃၇၆ ဦး)**ရှိသည်။ ဒေသခံပရဟိတအဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ကူညီဖြေရှင်းပေးမှုရှိကြောင်းဖြေဆိုသူ **၂၈ ရာခိုင်နှုန်း (၂၈၅ ဦး)**နှင့် **၂၆ ရာခိုင်နှုန်း (၂၆၉ ဦး)** ရှိပါသည်။ စစ်ကော်မရှင်၏ အုပ်ချုပ်ရေးယန္တရားက ကူညီဖြေရှင်းပေးနိုင်စွမ်း ကင်းမဲ့နေကြောင်းကိုလည်းတွေ့ရသည်။ ထို့အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ(EAOs)၊ ဒေသကာကွယ်ရေးတပ်ဖွဲ့များ (PDFs/LPDFs)နှင့် အမျိုးသားညီညွတ်ရေးအစိုးရ(NUG)တို့၏ ကူညီဖြေရှင်းပေးနိုင်စွမ်းများမှာလည်း အကန့်အသတ်ရှိနေသည် **(ပုံ-၁၄ ကိုရှုပါ)**။

စစ်တမ်းဖြေဆိုသူနှင့် ၎င်း၏မိသားစုတွင် (၂၀၂၄ ခုနှစ်နှင့် ယခု ၂၀၂၅ ခုနှစ်ကို နှိုင်းယှဉ်ပါက) ဖူလုံမှုကို ခံစားရသလားဟု မေးမြန်းခဲ့ရာ **၈၉ ရာခိုင်နှုန်း (၈၉၉ ဦး)**က မခံစားရကြောင်း ဖြေခဲ့သည် **(ပုံ-၁၅ ကိုရှုပါ)**။ မည်သည့်အတွက်ကြောင့် ဖူလုံမှုကို မခံစားရသနည်းဟု ဆက်လက်မေးမြန်းခဲ့ရာ ကုန်ဈေးနှုန်းတက်ခြင်းနှင့် အလုပ်အကိုင်မကောင်းခြင်းတို့ကြောင့်ဟု အများစုကဖြေခဲ့သည် **(ပုံ-၁၆ ကိုရှုပါ)**။ ထို့ကြောင့် အခက်အခဲအဖုံဖုံအကြား မိမိပတ်ဝန်းကျင်၌ မည်သည့်အကူအညီများကို အဓိကလိုအပ်နေပါသနည်းဟု မေးမြန်းခဲ့ရာ အလုပ်

▸ အကိုင်ရရှိရန်လိုအပ်ကြောင်း အများစုကဖြေခဲ့သည်။ ထိုသို့ဖြေသူ **၈၀ ရာခိုင်နှုန်း (၈၁၇ ဦး)** ရှိပါသည်။ လုံခြုံရေးလိုအပ်ချက်ကို ဒုတိယအများဆုံးဖြေခဲ့ကာ **၆၄ ရာခိုင်နှုန်း (၆၄၇ ဦး)** ရှိသည်။ ကျန်းမာရေးဝန်ဆောင်မှု လိုအပ်ချက်မှာ တတိယအများဆုံးဖြစ်ပြီး **၅၇ ရာခိုင်နှုန်း (၅၇၄ ဦး)** ရှိပါသည်။ အစားအစာနှင့် လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက်များကို ဖြေဆိုသူမှာလည်း **၅၀၀ ဦးထက်မနည်း**စီရှိပြီး **၅၀ ရာခိုင်နှုန်းထက်မနည်း**ဖြစ်သည်။ ပညာရေးလိုအပ်ချက်ရှိကြောင်း ဖြေဆိုသူမှာ အနည်းဆုံးဖြစ်ပြီး **၃၅ ရာခိုင်နှုန်း (၃၅၅ ဦး)** ရှိပါသည် (ပုံ-၁၇ ကို ရှုပါ)။


စစ်တမ်း၏အဆုံးသတ်၌ လက်ရှိဖြစ်နေသော အခြေအနေအရပ်ရပ်အပေါ် မည်သို့ ရှုမြင်သနည်းဟု မေးမြန်းခဲ့ရာ စစ်တမ်းဖြေသူ ၁,၀၁၅ ဦးအနက် **၅၃ ရာခိုင်နှုန်း (၅၃၉ ဦး)**က ဆက်လက်ရုန်းကန်နိုင်ဦးမည်ဟု ဖြေခဲ့ပါသည်။ **၄၂ ရာခိုင်နှုန်း (၄၂၄ ဦး)**ကမူ မျှော်လင့်ချက်မဲ့အခြေအနေဟု ဖြေခဲ့ပြီး ပိုကောင်းလာလိမ့်မည်ဟု ထင်မြင်ကြောင်းဖြေသူ **ငါးရာခိုင်နှုန်း (၅၂ ဦး)** ရှိပါသည် (ပုံ-၁၈ ကိုရှုပါ)။

■ **[ပုံ-၁၄] မည်သူများက အဓိကထား ကူညီပေးနေပါသနည်း။**





မှတ်ချက် - ယခုမေးခွန်း၌ တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်စေခဲ့သည်။

## [ပုံ-၁၅] ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ‘ဖူလုံသည်’ဟု ခံစားရပါသလား။





မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။

## [ပုံ-၁၆] မည်သည့်အကြောင်းကြောင့် ‘ဖူလုံမှုမရှိ’ဟု ခံစားရပါသနည်း။





မှတ်ချက် - ယခုမေးခွန်း၌ တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်စေခဲ့သည်။

## [ပုံ-၁၇] မည်သည့်အကူအညီများ အဓိက လိုအပ်နေသနည်း။




မှတ်ချက် - ယခုမေးခွန်း၌ တခုထက်ပိုသောအဖြေကိုလည်း ရွေးချယ်စေခဲ့သည်။

## [ပုံ-၁၈] လက်ရှိဖြစ်နေသော အခြေအနေအရပ်ရပ်အပေါ် မည်သို့ရှုမြင်ပါသနည်း။




မှတ်ချက် - ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်မတိုင်ခင် ရက်ပေါင်း ၆၀ အတွင်း အခြေအနေဖြစ်ပါသည်။

၈

## စစ်တမ်းကောက်ယူမှုနည်းနာ

စစ်ရေးပဋိပက္ခကိုအခြေခံသော ကုန်သွယ်လမ်းကြောင်းပိတ်ဆို့မှုများနှင့် ပြည်သူများအပေါ် သက်ရောက်မှုကို လေ့လာနိုင်ရန် ၂၀၂၅ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း၌ ISP-Myanmar က စစ်တမ်းတခု ကောက်ယူခဲ့ပါသည်။ ထိုစစ်တမ်းကို နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် ပြည်နယ်နှင့် တိုင်း ၁၅ ခုရှိ မြို့နယ် ၈၅ မြို့နယ်က **ပြည်သူ ၁,၀၁၅ ဦး** ပါဝင်ဖြေဆိုခဲ့သည်။

အချက်အလက်ကောက်ယူပုံနည်းစနစ်အနေဖြင့် ကိန်းဂဏန်းအခြေပြု လေ့လာဆန်းစစ်မှုနည်းစနစ်ကို အဓိကအသုံးပြုခဲ့သည်။ စစ်တမ်းမေးမြန်းရန် နမူနာလူဦးရေ (sample population) အတွက် ရွေးချယ်မှုမှုဘောင် (sampling frame) သတ်မှတ်ခဲ့ပြီး မြို့နယ် ၈၅ တွင် တမြို့နယ်လျှင် ဒေသခံ ၁၂ ဦးနှုန်းဖြင့် စုစုပေါင်း ၁,၀၂၀ ဦးကို စစ်တမ်းမေးခွန်းများ မေးမြန်းရန် စီစဉ်ခဲ့ပါသည်။ ထိုမြို့နယ် ၈၅ မြို့နယ်အနက် ၃၂ မြို့နယ်မှာ ခရိုင်မြို့နယ်များဖြစ်ပြီး ၁၁ မြို့နယ်မှာ စစ်ကော်မရှင်က စစ်အုပ်ချုပ်ရေးကြေညာထားသော မြို့နယ်များဖြစ်သည်။ စုစုပေါင်း ၁,၀၂၀ ဦးကို ဆက်သွယ်မေးမြန်းရန် လျာထားခဲ့သော်လည်း အခက်အခဲများကြောင့် ၁,၀၁၅ ဦးကိုသာ မေးမြန်းနိုင်ခဲ့ပါသည်။

ရွေးချယ်ကောက်ယူနည်း (purposive sampling) ကို သုံးထားပြီး စစ်တမ်းတွင် ပါဝင်မည့်သူများကို ရွေးချယ်ရာ၌ (၁) မြို့နယ်အတွင်းနေထိုင်သည့် ဒေသခံ ၁၂ ဦးဖြစ်ရန်၊ (၂) တမြို့နယ်လျှင် အနည်းဆုံး အမျိုးသမီးငါးဦး ပါဝင်ရန်၊ (၃) ထို ၁၂ ဦးသည် မြို့ပြ၊ ကျေးလက်၊

ISP နှင့်အတူ မိနစ် ၃၀

**30 MINUTES with the ISP**

## 'ရှိသင့်တဲ့ အားနဲ့ မာန်၊ ဟန်နိုင်မှ...'

ကုန်သွယ်စီးဆင်းမှု ပြတ်တောက်ခဲ့သော လမ်းများနှင့်
လူမှုစီးပွားဒဏ်ကို တောင့်ခံနေသည့် ပြည်သူများ

ယခုစစ်တမ်းပါ အချက်အလက်များကို အခြေခံ၍ ပြုလုပ်ခဲ့သည့်
သုတေသနဆိုင်ရာ ဆွေးနွေးမှုရုပ်သံကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်ပါသည်။

- နယ်စပ်ဒေသနှင့် စစ်ရှောင်စခန်းများတွင် နေထိုင်သူများဖြစ်ရန်နှင့် (၄) အသက် ၁၈ နှစ်နှင့် အထက်ဖြစ်ရန်တို့ကို သတ်မှတ်ခဲ့သည်။ စစ်တမ်းမေးမြန်းရာတွင် သုတေသီများက အွန်လိုင်းကတဆင့် သို့မဟုတ် ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခြင်းနှင့် လူကိုယ်တိုင် သွားရောက်တွေ့ဆုံ မေးမြန်းခြင်းတို့ကို အသုံးပြုခဲ့ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၃ ရက်ကနေ ၂၈ ရက်အထိ ကြာမြင့်ခဲ့သည်။

စစ်တမ်းကို ISP-Myanmar က ချမှတ်ထားသော လုံခြုံရေးဆိုင်ရာလုပ်ထုံးလုပ်နည်း (security protocol) နှင့်အညီ သက်ဆိုင်ရာအဖွဲ့ခေါင်းဆောင်များနှင့် ချိတ်ဆက်ပြီး ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း စစ်တမ်းကိုကောက်ယူစေခဲ့ပါသည်။ ဖြေဆိုသူများ၏ ကိုယ်ရေးအချက်အလက်များနှင့် ဖြေဆိုချက်များကို ISP-Myanmar က ချမှတ်ထားသော အချက်အလက်စီစစ်ရေး မူဝါဒနှင့်အညီ လုံခြုံစွာသိမ်းဆည်းထားရှိမည့်အကြောင်းကိုလည်း စစ်တမ်းကောက်ယူနေစဉ်အတွင်း အသိပေးခြင်းနှင့် သဘောတူညီချက်ရယူခြင်းတို့ကို လုပ်ဆောင်ခဲ့ပါသည်။ စစ်တမ်းမေးမြန်းပြီးသောအခါတွင်လည်း အချက်အလက်ကောက်ယူသူများအနေနှင့် ISP-Myanmar က သတ်မှတ်ထားသော နည်းစနစ်နှင့်အညီ အချက်အလက်များကို သိမ်းဆည်းခဲ့ပါသည်။ ■

Institute for Strategy and Policy-Myanmar

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai, 50202.

info@ISPMyanmar.com

www.ISPMyanmar.com